**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**သာသနာရေးဦးစီးဌာန**

စာအမှတ်၊ ၁၁/၁၁/သသန(ဦးစီး-စာ)၁၂-၄၉(၈၁၁၃)

ရက်စွဲ၊ ၂ ၀ ၂ ၄ ခုနှစ်၊ မေ လ ၂၀ ရက်

# ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကြေညာချက်

၁။ ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက် (၂၈-၃-၂၀၂၄)၊ ကြာသပတေးနေ့မှ ၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက် (၅-၄-၂၀၂၄)၊ သောကြာနေ့အထိ တစ်နိုင်ငံလုံးရှိ အစိုးရဓမ္မာစရိယ စာဖြေဌာန(၆၇)ဌာနတို့၌ အစိုးရဓမ္မာစရိယစာမေးပွဲကို တစ်ပြိုင်တည်း ကျင်းပခဲ့ပါသည်။

၂။ စာမေးပွဲအောင်စာရင်းအပြည့်အစုံကို ပူးတွဲဖော်ပြကြေညာအပ်ပါသည်။

၃။ ကျမ်းရင်း ၃ ကျမ်းဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား "သာသနဓဇဓမ္မာစရိယ" ဘွဲ့တံဆိပ်နှင့် လျှုဒါန်းပူဇော်ဖွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

၄။ မြန်မာဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်နှင့် လှူဒါန်းပူဇော်ဖွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသည်။

၅။ ပါဠိဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား အောက်ဖော်ပြပါ ဘွဲ့တံဆိပ်တော်များအနက်မှ အောင်မြင်ကြသော ဂုဏ်ထူးကျမ်းများနှင့်လျော်ညီသော ဘွဲ့တံဆိပ်တစ်ခုခုနှင့် လှူဒါန်းပူဇော်ဖွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်-

(က) သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ

(ခ) သာသနဓဇဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူ

(ဂ) သာသနဓဇဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူ

၆။ ကျမ်းရင်း ၃ ကျမ်းနှင့် ပါဠိ+မြန်မာဂုဏ်ထူးကျမ်း ၁ ကျမ်းစီကို တစ်နှစ်တည်း တစ်ပြိုင်နက် ငါးကျမ်းလုံး အောင်မြင်သော ပုဂ္ဂိုလ်အား "သာသနဓဇဓမ္မာစရိယ မကုဋရံသီ" ဘွဲ့တံဆိပ်နှင့် လှူဒါန်း ပူဇော်ဖွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

အမိန့်အရ

မျိုးညွှန့်အောင်

ညွှန်ကြားရေးမှူးချုပ်